## ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုနှင့်စပ်လျဉ်း၍ လူထုသိရန်လိုအပ်သော သတင်းစကားများ

### မိမိတို့၏ အခွင့်အရေးများကို နားလည်သိရှိအောင် လုပ်ပါ!

- ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင်တွင် ကြီးပြင်းအရွယ်ရောက်ခွင့်၊ လျစ်လျူရှုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မဖွယ်မရာပြုမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ အားလုံးမှ ကင်းဝေးခွင့် များသည် ကလေးတိုင်း ခံစားခွင့်ရှိသည့် အခွင့်အရေးများ ဖြစ်သည်။
- လူမျိုး၊ ကျား၊ မ (ဂျန်ဒါ)၊ မသန်စွမ်းမှု (သို့မဟုတ်) လူမှုစီးပွားနောက်ခံအခြေအနေ မည်သို့ပင်ရှိစေ ကလေးတိုင်းသည် လူသားချင်းစာနာထောက်ထားသည့် ဝန်ဆောင်မှုများကို အခမဲ့ လက်လှမ်းမီ ရယူပိုင်ခွင့် ရှိသည်။

### အကူအညီတောင်းခံပါ!

- သင့်ကို ထိခိုက်နစ်နာအောင် လုပ်ဆောင်ခြင်း၊ အန္တရာယ်ပြုခြင်း ခံရလျှင် အချိန်မရွေး အကူအညီတောင်းခံပါ။ နှုတ်ဆိတ်မနေပါနှင့်။ မည်သည့်အခါတွင်မဆို အကူအညီတောင်းခံခြင်း သည် မှန်ကန်သည့် လုပ်ဆောင်မှု ဖြစ်ပါသည်။
- မဖွယ်မရာပြုခံရခြင်း၊ အကြမ်းဖက်ခံရခြင်းသည် သင့်အမှားကြောင့်ဟု မည်သည့်အခါမျှ မတွေးပါနှင့်။ သင့်ကို ထိခိုက်နစ်နာအောင် လုပ်ဆောင်မှုများ ကြုံတွေ့ခံစားရလျှင် သင ယုံကြည်စိတ်ချရသူတစ်ဦးထံ အသိပေးပြောကြားပါ။
- လက်သင့်မခံနိုင်သည့် ပြုမူဆောင်ရွက်မှုမှန်သမျှအား လုပ်ပိုင်ခွင့်ရှိသူပများ (သို့မဟုတ်) ယုံကြည်စိတ်ချရသူများထံ အသိပေးတိုင်ကြားပါ။
- သင (သို့မဟုတ်) မည်သည့်ကလေးမဆို ဘေးကင်းလုံခြုံမှုမရှိဟု ခံစားရလျှင် (သို့မဟုတ်) အကာအကွယ်မဲ့၍ မဖွယ်မရာပြုမှု ခံရနိုင်သည့်အခြေအနေနှင့် ကြုံတွေ့နေရလျှင် မိမိနှင့် အနီးဆုံးတွင်ရှိသည့် ကူညီဆောင်ရွက်ပေးနိုင်သူများထံ ဆက်သွယ်၍ အကူအညီတောင်း ခံပါ။

### အပြောင်းအလဲဖြစ်ပေါ်အောင် တွန်းအားပေးပါ!

- ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှု ဆိုသည်မှာ ကလေးတစ်ဦးအပေါ် အရွယ်ရောက်သူလူကြီးတစ်ဦး (သို့မဟုတ်) ကလေးတစ်ဦးအပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်သည့်

အခြားကလေးတစ်ဦးမှ ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်မှုမှန်သမျှကို ခေါ်ပါသည်။ ထိုပြုမူလုပ်ဆောင်မှုများထဲတွင် လိင်ပိုင်းဆိုင်ရာ ထိတွေ့မှု၊ ကလေးတစ်ဦးအား လိင်ပိုင်းဆိုင်ရာ ပြုမူလုပ်ဆောင်မှုများ (သို့မဟုတ်) ညစ်ညမ်းပုံများကို အတင်းအကျပ် ကြည့်ရှုခိုင်းမှု၊ ကလေးများကို ပြည့်တန်ဆာအဖြစ် ခိုင်းစေ၍ (သို့) ညစ်ညမ်းပုံများအတွက် ခိုင်းစေ ၍ အမြတ်ထုတ်မှု ပုံစံအမျိုးမျိုး ပါဝင်ပါသည်။

- ကလေးသူငယ်များအပေါ် မဖွယ်မရာပြုမူမှုများသည် လူမသိသူမသိ အများအပြား ဖြစ်ပွားလျက်ရှိပါသည်။ သင်သည် မဖွယ်မရာပြုမူ ဖြစ်ပေါ်သည်ဟု သံသယရှိလျှင် ထုတ်ဖော်အသိပေးတိုင်ကြားပြီး ကလေးများကို ကာကွယ်စောင့်ရှောက်ပေးပါ။
- ကလေးများကို လက်သင့်ခံနိုင်သည့်အရာ၊ လက်သင့်မခံရမည့်အရာဟူ၍ ခြားနားကန့်သတ်ထားရမည့် စည်းဘောင်များအကြောင်း သင်ကြားပေးပါ။ မလျော်ကန်သည့်၊ ထိခိုက်အနာတရဖြစ်စေသော မလိုလားအပ်သည့် ထိကိုင်မှုမှန်သမျှကို ရဲရဲဝံ့ဝံ့ ငြင်းဆန်နိုင်အောင် သင်ကြားပေးပါ။
- ကလေးများအား ၎င်းတို့ကို စိတ်မသက်မသာဖြစ်စေသည့် ကိစ္စမှန်သမျှ၊ ဘေးကင်းလုံခြုံမှု မရှိဟု ခံစားရသည့် ဖြစ်ရပ်မှန်သမျှကို ထုတ်ဖော်ပြောဆိုရန်နှင့် အသိပေးတိုင်ကြားရန် အားပေးတိုက်တွန်းပါ။
- ခေါင်းပုံဖြတ်မှု (သို့မဟုတ်) မဖွယ်ရာပြုမှုကို တွေ့ကြုံခံစားခဲ့ရသည့် ကလေးများသည် ဂရုစိုက်စောင့်ရှောက်ကုသမှုနှင့် ကူညီပံ့ပိုးမှုများကို ရယူပိုင်ခွင့်ရှိပါသည်။ ၎င်းတို့ကို ရရှိနိုင် သည့် ဝန်ဆောင်မှုများနှင့် ဆက်သွယ်ချိတ်ဆက်ပေးပါ။
- အရေးပေါ် နေရပ်စွန့်ခွာရွှေ့ပြောင်းရမှုသည် ကလေးများအပေါ် အကြမ်းဖက်မှု ကျူးလွန်ရန် ဆင်ခြေ တစ်ခု မဖြစ်သင့်ပါ။ အနိုင်အထက်ပြုသည့် အမူအကျင့်များကို ရှောင်ရှားပြီး အကြမ်းဖက်မှု ကင်းသည့် ပတ်ဝန်းကျင်များ၊ လူမှုအသိုင်းအဝိုင်းများကို ဖန်တီးနိုင်အောင် ကြိုးစားဆောင် ရွက်ပါ။
- လျော်ကန်မှုမရှိသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ရလျှင် ယုံကြည် စိတ်ချစွာ ချဉ်းကပ်အကူအညီတောင်းခံနိုင်မည့် လူကြီးများကို ကြိုတင်စဉ်းစား၍ ရှာဖွေ ထားရန် ကလေးများအား ပညာပေးပါ။

- ကူညီစောင့်ရှောက်ပေးမည့် မိဘဆွေမျိုးများ မရှိသည့် ကလေးများ (သို့မဟုတ်) မိဘအုပ်ထိန်းသူနှင့် တကွဲတပြားဖြစ်နေသော ကလေးများ၏ အခြေအနေကို ဆန်းစစ်ပါ။ လိုအပ် လျှင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု အဖွဲ့အစည်းများ၊ ဌာနများသို့ လွှဲပြောင်းညွှန်း ပို့ပေးပါ။
- လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်မှုကို တွေ့ကြုံခံစားခဲ့ရပါက ကျန်းမာရေး ဆိုင်ရာ ထိခိုက်အန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ (၃) ရက် အတွင်း ခံယူရရှိနိုင်အောင် ကြိုးပမ်းဆောင် ရွက်ပါ။

အသက်အန္တရာယ်မဖြစ်အောင် ကယ်တင်ပေးနိုင်သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ပေး ရေး ဝန်ဆောင်မှုများကို လက်လှမ်းမီ ရယူနိုင်ရန်အတွက် သင့်ဒေသရှိ ကလေးသူငယ်ဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသူများထံ သွားရောက်ပါ။ (သို့မဟုတ်) သင့်ပြည်နယ်အတွက် သတ်မှတ်တာဝန်ပေးထားသည့် လွှဲပြောင်းညွှန်းပို့မှုဆိုင်ရာ တာဝန်ခံများကို အကြောင်းကြားပါ။